NEWS
THE CARTER CENTER
ONE COPENHILL ATLANTA, GA 30307

**ချက်ခြင်းသတင်းထုတ်ပြန်ရန်**
**ဖေဖော်ဝါရီ (၂၈)၊ ၂၀၁၆**
**ဆက်သွယ်ရန် :** In Atlanta, Soyia Ellison, soyia.ellison@cartercenter.org
In Yangon, Frederick Rawski, frederick.rawski@mail.cceom.org

# ကာတာစင်တာမှမြန်မာရွေးကောက်ပွဲအလွန်ကြေငြာချက်ထုတ်ပြန်

ရန်ကုန် - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (Union Election Commission/UEC)သည်ရွေးကောက်ပွဲ အလွန်ကန့်ကွက်လွှာအမှုများကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့်ဆောင်ရွက်လျက်ရှိပါသည်။ ကာတာစင်တာ မှယနေ့ထုတ်ပြန်သော အစီရင် ခံစာတွင်ဖော်ပြထားရှိပါသည်။ သို့သော်လည်းလာမည့်အစိုးရ အသစ် အနေဖြင့်ဥပဒေကြောင်းဆိုင်ရာနှင့် လုပ်ငန်းစဉ်တချို့ကိုပြုပြင်လုပ်ဆောင်သင့်ပါသည်။ ယင်းသို့လုပ်ဆောင်ခြင်းသည်အနာဂါတ်ကိုယ်စားလှယ်လောင်းများအတွက်ပိုမိုလွယ်ကူစေကာ၊ ပြည်သူများကိုရွေး ကောက်ပွဲအလွန်ကန့်ကွက်လွှာအမှုများအကြောင်း ပိုမိုသိရှိလာစေနိုင်ပြီး၊ မဲရေတွက်ခြင်းနှင့်နောင်လာမည့် ရွေးကောက်ပွဲများကိုပိုမိုကောင်းမွန် စေမည်ဖြစ်သည်။

ကန့်ကွက်လွှာပေါင်း၄၅စောင် UEC သို့တင်သွင်းခဲ့ပါသည်။ အငြင်းပွားမှုဆိုင်ရာဖြေရှင်းခြင်းလုပ်ငန်းစဉ်တွင်ကန့်ကွက်လွှာတင်သွင်းရာတွင်ပေးသွင်းရသည့်အခကြေးငွေမှာလည်းအဓိကနေရာမှပါဝင်သည်။ ထို့အပြင်နေပြည်တော်သို့ သွားရောက်ပြီး ခုံရုံးကြားနာမှုကိုတက်ရောက်ရမည့် အထွေထွေကုန်ကျစရိတ်များလည်းရှိနေပါသေးသည်။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်း အချို့သည်ဤကဲ့သို့သော အထွေထွေကုန်ကျစရိတ်များကြောင့် ကန့်ကွက်လွှာတင်သွင်းခဲ့ခြင်းမရှိခဲ့ပေ။ ထို့အပြင်ခုံရုံးကြားနာမှုကြာမြင့်ချိန်မှာလည်း ဤကြားနာမှုထိရောက်မှုရှိမရှိကိုအဟန့်အတားဖြစ်စေပါသည်။ ယခုအချိန်အထိ ကန့်ကွက်လွှာ(၂) မှုကိုသာလျှင် UEC မှ အပြီးသတ်ဆုံးဖြတ်ချက်ရသေးပါသည်။

ကာတာစင်တာမှလေ့လာသူများသည် သမိုင်းဝင်နိုဂင်ဘာ(၈) ရက်ရွေးကောက်ပွဲအလွန်တိုးတက်မှုများကိုဆက်လက် လေ့လာနိုင်ရန်မြန်မာနိုင်ငံအတွင်းတွင်ဆက်လက်ရှိနေပါသေးသည်။ ရွေးကောက်ပွဲအလွန်တိုးတက်မှုများဆိုသည်မှာ မဲရလာဒ်များထုတ်ပြန်ခြင်း၊ရွေးကောက်ပွဲအငြင်းပွားမှုဖြေရှင်းခြင်းစ

သည်တို့ဖြစ်ပြီး လေ့လာခဲ့သည့်နေရာအများစုတွင်ပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိခဲ့ပါသည်။ သို့သော်လည်း မဲရလာဒ်ပုံစံများကို ထုတ်ပြန်ရာတွင်မူ အခက်အခဲအချို့ရှိနေသေးသည်ကိုတွေ့ရှိရပြီးအချို့နေရာများလေ့လာသူများလွတ်လပ်စွာလေ့လာခွင့်မရခဲ့ပေ။

ကာတာစင်တာမှအောက်ပါအချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အကြံပြုချက်လိုပါသည်။

- ဖြစ်နိုင်လျှင်ကန့်ကွက်တင်သွင်းသူများအတွက်မလိုလားအပ်သည့်ကုန်ကျစားရိတ်များကိုလျှော့ချပေးစေခြင်း(ကြားနာမှုများကိုသက်ဆိုင်ရာပြည်နယ်၊တိုင်းများတွင်ပြုလုပ်စေ ခြင်း)
- ကန့်ကွက်သူနှင့်ခုခံသူနှစ်ဦးစလုံး၏အခွင့်အရေးများကိုမထိခိုက်စေပဲအမှုတွဲများကိုနှောင့်နှေးကြန့်ကြာမှုမရှိစေရန်အမြန်ဆုံးကြားနာစေခြင်း
- UEC ၏ website ပေါ်တွင်အချိန်နှင့်တစ်ပြေးညီဆုံးဖြတ်ချက်များကိုတင်ပြပေးခြင်း
- နောင်လာမည့် ရွေးကောက်ပွဲများတွင် မဲရလာဒ်များထည့်သွင်းခြင်းလုပ်ငန်းစဥ်ပြီးလျင် ပြီးခြင်း မဲရလာဒ်ထည့် သွင်းထားသောပုံစံ များအားလုံး ကပ်ထားသင့်ပေသည်။ အသိအမှတ်ပြုလေ့လာသူများအနေဖြင့် ဤ မဲရလာဒ်များထည့်သွင်းခြင်းလုပ်ငန်းစဥ်ကိုလေ့လာခွင့်ရခြင်း

ထို့အပြင်ကာတာစင်တာမှ UEC သို့ရွေးကောက်ပွဲအလွန်ဆန်းစစ်မှုဆွေးနွေးပွဲများအတွက်လည်း ချီးကျူးဂုဏ်ပြုပြီး ပြည်ထောင်စုဥပဒေပြုလွှတ်တော် သို့ ရွေးကောက်ပွဲဥပဒေကိုပြန်လည်ပြုပြင်ပြောင်းလဲရန်အဆိုပြုချက်ကိုစဉ်းစားရန်၊ ရွေးကောက်ပွဲအငြင်းပွားမှုများ နှင့် ရွေးကောက်ပွဲကုန်ကျစားရိတ်အမှုတွဲဆိုင်ရာစည်း ကမ်းများကိုပိုမိုတိုးတက်အောင်လုပ်ရန်လည်းအကြံပြုတင်ပြခဲ့ပါသည်။

ရွေးကောက်ပွဲအလွန်ကြေငြာချက်အပြည့်အစုံကို ဤနေရာတွင်ဖတ်ရှုနိုင်ပါသည်။

###

**ကာတာစင်တာ**

"ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်၊ ရောဂါဘယကို တိုက်ဖျက်၊ မျှော်လင့်ချက် တည်ဆောက်"

အကျိုးအမြတ်အတွက် မဟုတ်သော၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည့် ကာတာစင်တာကို နိုင်ငံပေါင်း ၈၀ ကျော်မှ ပြည်သူများ၏ဘဝကို ပိုမိုကောင်းမွန်လာစေရန် ပဋိပက္ခများကို ဖြေရှင်းခြင်း၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးများနှင့် စီးပွားရေး အခွင့်အလမ်း တိုးမြင့်စေခြင်း၊

ရောဂါဘယများမှ ကာကွယ်ပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုကောင်းမွန်လာစေခြင်းတို့ဖြင့် ကူညီပေးပါသည်။ ကမ္ဘာတစ်ဝန်းတွင် ငြိမ်းချမ်းရေးနှင့် ကျန်းမာရေးကို တိုးမြှင့်ပေးနိုင်ရန် ကာတာစင်တာကို ၁၉၈၂ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု သမ္မတဟောင်း ဂျင်မီကာတာနှင့် ဇနီး ရိုဇလင်းတို့မှ အီမိုရီတက္ကသိုလ်နှင့် မိတ်ဖက်ဖွဲ့ကာ တည်ထောင်ခဲ့ပါသည်။

ကာတာစင်တာနှင့် ပတ်သက်၍ သိလိုသည်များကို www.cartercenter.org တွင်လည်းကောင်း၊ Twitter@CarterCenter ကို follow လုပ်ခြင်းဖြင့်လည်းကောင်း၊ Facebook တွင် Facebook.com/CarterCenter ကို like လုပ် ခြင်းဖြင့်လည်းကောင်း၊ YouTube တွင် YouTube.com/CarterCenter ကို ကြည့်ရှု လေ့လာခြင်းဖြင့်လည်းကောင်း၊ Google+ http://google.com/+CarterCenter တွင်လည်းကောင်း လေ့လာနိုင်ပါသည်။

THE
CARTER CENTER

**ကာတာစင်တာ၏မြန်မာနိုင်ငံရွေးကောက်ပွဲနှောင်းပိုင်းဆိုင်ရာအခြေအနေများနှင့်ကန့်ကွက်လွှာကိုင်တွယ်ခြင်းများအပေါ် ထုတ်ပြန်ချက်၊ ၂၈ ဖေဖော်ဝါရီလ၊၂၀၁၆ခုနှစ်။**

**အဓိကအချက်အလက်များ**

ယခုထုတ်ပြန်ချက်သည်ကာတာစင်တာ၏၂၀၁၅၊နိုဝင်ဘာ၁၀ရက်ထုတ်ပြန်ချက်နောက်ဆက်တွဲအဖြစ်ရွေးကောက်ပွဲအလွန်ကာလတွင်ထွက်ရှိလာသောပထမဆုံးထုတ်ပြန်ချက်ဖြစ်သည်။ ယခုထုတ်ပြန်ချက်သည်ကာတာစင်တာ၏ကချင်ပြည်နယ်၊ကရင်ပြည်နယ်၊မွန်ပြည်နယ်၊ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်၊မန္တလေးတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီး၊နေပြည်တော်ပြည်ထောင်စုနယ်မြေတို့တွင်ကွင်းဆင်းတွေ့ရှိချက်များအပေါ် တွင်အခြေခံထားပါသည်။

ကာတာစင်တာ၏ကနဦးထုတ်ပြန်ချက်တွင်ကာတာစင်တာသည်မြန်မာပြည်သူများ၏နိုင်ငံရေးအခွင့်အရေးကိုအောင်မြင်စွာဖော်ဆောင်နိုင်မှုကိုဂုဏ်ပြုထားပြီး၊နောင်လာမည့်ရွေးကောက်ပွဲများတွင်နိုင်ငံတကာစံနှုန်းများနှင့်အပြည့်အဝကိုက်ညီသောဒီမိုကရေစီနည်းကျရွေးကောက်ပွဲများဖြစ်ပေါ် လာရန်လိုအပ်နေသေးသည်ကိုလည်းဖော်ပြထားခဲ့ပါသည်။ [1] ထိုအချိန်မှစ၍ကာတာစင်တာသည်မဲရေတွက်ခြင်းနှင့်ရလာဒ်များထုတ်ပြန်ခြင်း၊ရွေးကောက်ပွဲအငြင်းပွားမှုဖြေရှင်းခြင်းနေမှုများ၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)မှဦးဆောင်သောရွေးကောက်ပွဲလွန်သုံးသပ်ခြင်းများနှင့်၊ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိရွေးကောက်ပွဲနှောင်းပိုင်းအခြေအနေများကိုစောင့်ကြည့်လေ့လာခဲ့ပါသည်။

---

[1] The Carter Center Congratulates Myanmar People on Election, Urges Key Democratic Reforms, www.cartercenter.org/news/pr/myanmar-111015.html

မြန်မာ့တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်များအကြားဖြစ်ပွားနေသောပဋိပက္ခများမှလွဲ၍ရွေးကောက်ပွဲလွန်ကာလသည်နိုင်ငံရေးခေါင်းဆောင်အများစု၏ရလာဒ်များအပေါ် လက်ခံနိုင်မှုနှင့်ချောမွေ့သောအာဏာလွှဲပြောင်းမှုတို့ကြောင့်တည်ငြိမ်နေသည်ကိုတွေ့ရသည်။ပြည်ထောင်စုအဆင့်လွှတ်တော်များ၊အစိုးရနှင့်၊ပြည်နယ်နှင့်တိုင်းဒေသအသီးသီးရှိလွှတ်တော်များတို့ သည်စတင်လျှက်ရှိနေပြီဖြစ်သလို၊ဦးဆောင်သူများအားလည်းၡင်းတို့ကိုယ်တိုင်ရွေးချယ်တင် မြှောက်ပြီးဖြစ်ကြသည်။ၡင်းတို့အနက်UECသည်ဥပဒေရေးရာအရအားနည်းချက်များရှိသော်လည်းရွေးကောက်ပွဲကန့်ကွက်မှုများအားပွင့်လင်းမြင်မှုရှိစွာကိုင်တွယ်ဆောင်ရွက်လျှက်ရှိသည် ကိုတွေ့ရသည်။ ဥပဒေရေးရာအရအားနည်းချက်များဆိုသည်မှာ ထပ်မံ၍အယူခံဝင်၍မရခြင်းနှင့် ကြာရှည်လှသောဖြေရှင်းမှု ကြာချိန်တို့ ဖြစ်သည်။ ထို့ အပြင် ရွေးကောက်ပွဲကုန်ကုန်ကျစားရိတ် အမှုတွဲများကိုလည်း အသေအချာပြန်လည်စိစစ်ရန်လိုပေသည်။ UEC အနေဖြင့် ရွေးကောက်ပွဲအလွန်ဆန်းစစ်မှုများကိုပြုလုပ်လျက်ရှိပြီး ယင်းသို့ လုပ်ဆောင်ခြင်းသည်နောင်လာမည့် ရွေးကောက်ပွဲများကိုပိုမိုကောင်းမွန်စေမည်ဖြစ်သည်။

ကာတာစင်တာသည်ယခုအခါအစိုးရသစ်နှင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့အားနောက်ဆုံးအစီရင်ခံစာနှင့်အကြံပေးချက်များအားပေးပို့နိုင်ရန်ပြင်ဆင်လျှက်ရှိနေသည်။နောင်တက်လာမည့်လွှတ်တော်များနှင့်အစိုးရတို့သည်ရွေးကောက်ပွဲစနစ်ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာစတင်ခြင်းကိုဦးစားပေးဆောင်ရွက်ရန်အရေးကြီးသည်ကိုတွေ့ရပါသည်။

## မဲရေတွက်ခြင်း၊မဲရလာဒ်များထည့်သွင်းခြင်းနှင့်ရလာဒ်များအားထုတ်ပြန်ကြေငြာခြင်း

ကာတာစင်တာသည်မြို့နယ်၂၂မြို့နယ်တွင်ရွေးကောက်ပွဲလုပ်ငန်းစဉ်အချို့နှင့်မဲရေတွက်ခြင်း၊မဲရလာဒ်များထည့်သွင်းခြင်းအဆင့်များ၊ခရိုင်၃ခုခရိုင်တွင်မဲဆန္ဒပြင်ပရောက်ကြိုတင်မဲများအားရေတွက်ခြင်း၊မဲရလာဒ်များထည့်သွင်းခြင်းများကိုစောင့်ကြည့်လေ့လာရန်အဖွဲ့များအားစေလွှတ်ခဲ့ပါသည်။ [2] စောင့်ကြည့်လေ့လာခဲ့သောနေရာအများစုတွင်မဲရေတွက်ခြင်း၊မဲရလာဒ်များထည့်သွင်းခြင်းများကိုပွင့်လင်းမြင်သာစွာဖြင့်ကောင်းမွန်စွာဆောင်ရွက်နိုင်သည်ကိုတွေ့ရပါသည်။သို့သော်အချို့နေရာများတွင်လုပ်ငန်းစဉ်များအားစောင့်ကြည့်လေ့လာရန်ငြင်းပယ်ခြင်းခံခဲ့ရသည်။ရှမ်းပြည်နယ်(အရှေ့)၊ကျိုင်းတုံမြို့နယ်တွင်မဲရုံကိုယ်စားလှယ်များနှင့်စောင့်ကြည့်လေ့လာသူများသည်မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးတွင်ပြုလုပ်သောမဲရေတွက်ခြင်း၊မဲစာရင်းရလာဒ်များကိုတံခါးပိတ်၍ပြုလုပ်သောကြောင့်ကြည့်ရှုခွင့်မရခဲ့ကြပေ။အလားတူပင်ကာတာစင်တာ၏

[2] ကာတာစင်တာလေ့လာသူများသည် နိုဝင်ဘာ ၈ - ၁၀ အထိလေ့လာခဲ့ ပါသည်။

စောင့်ကြည့်လေ့လာသူများသည်ချင်းပြည်နယ်တီးတိန်မြို့နယ်၊ရှမ်းပြည်နယ်ကလောမြို့နယ်၊ ရခိုင်ပြည်နယ်မြောက်ဦးမြို့နယ်တို့တွင်မဲရေတွက်ခြင်း၊မဲရလာဒ်များထည့်သွင်းခြင်းကိုကြည့်ရှုခွင့်မရခဲ့ရပေ။မြို့နယ်အတော်များများတွင်မဲရုံကိုယ်စားလှယ်များနှင့်စောင့်ကြည့်လေ့လာသူများသည်မဲရုံအဆင့်ရလာဒ်များပါဝင်သည့်ပုံစံ(၁၆)အားကြည့်ရှုခွင့်မရခဲ့ကြသည်ကိုလည်းတွေ့ရသည်။

မဲဆန္ဒနယ်ရလာဒ်များ၊ပုံစံ(၁၉)၊ကိုလည်းနေရာတိုင်းတွင်တူညီစွာကပ်ထားခြင်းမရှိသည်ကိုတွေ့ရပြီး၊[3]ပြည်ထောင်စုအဆင့်ကမစစ်ဆေးမီပြည်သူလူထုအားကြေငြာခြင်းမပြုရန်UECရဲ့နိုဝင်ဘာ(၄)ရက်ညွှန်ကြားချက်အရနေရာအတော်များများတွင်ကပ်ထားခြင်းမရှိသည်ကိုတွေ့ရသည်။ အပြည်ပြည်ဆိုင်ရာ စံနှန်းများအရ ရလာဒ်များကိုအမြန်ဆုံးကပ်ထားပေးရမည်ဖြစ်သည်။ [4] မဲရုံတစ်ခုချင်းစီ၏ရလာဒ်များပါဝင်သောပုံစံ(၁၆)မှာလည်းမဲရုံလမ်းညွှန်နှင့်ဆန့်ကျင်၍မဲရုံများတွင်တူညီစွာကပ်ထားခြင်းမရှိသည်ကိုတွေ့ရသည်။ [5] ထို့ကြောင့်မြို့နယ်အဆင့်နှင့်ခရိုင်အဆင့်တို့ရှိရလာဒ်များနှင့်မဲရုံရှိရလာဒ်များအားကိုယ်စားလှယ်လောင်း၊မဲရုံကိုယ်စားလှယ်နှင့်သာမန်ပြည်သူများအနေဖြင့်နှိုင်းယှဉ်သိရှိနိုင်ရန်ခက်ခဲသွားစေသည်ကိုတွေ့ရသည်။

အကျဉ်းချုပ်အားဖြင့်ရလာဒ်များအားထုတ်ပြန်ကြေငြာချိန်တွင်မဲဆန္ဒနယ်အချို့မှရလာဒ်များပေးပို့မှုနောက်ကျခြင်းအပေါ် ဝေဖန်မှုများအားမီဒီယာများတွင်တွေ့ရသော်လည်းUECမှပွင့်လင်းမြင်သာစွာအချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးသည်ကိုတွေ့ရသည်။UECအနေဖြင့်ရလာဒ်များကိုထုတ်ပြန်ရာတွင်နိုဝင်ဘာ(၉)ရက်မှစ၍မဲဆန္ဒနယ်အလိုက်နေ့စဉ်ထုတ်ပြန်ပေးခဲ့ပြီး၊ဝေးလံသောဒေသများ၏ရလာဒ်များကိုနိုဝင်ဘာ(၂၀)ထိကြေငြာပေးခဲ့သည်ကိုတွေ့ရသည်။ [6] အမျိုးသားဒီမို

---

[3] PACE ရွေးကောက်ပွဲလေ့လာရေး အဖွဲ့၏ခန့်မှန်းချက်အရ မဲရလာဒ်များထည့်သွင်းသည့်နေရာထက်ဝက်ကျော်တွင်ပုံစံ (၁၉) ကိုကပ်ထားပါသည်။ PACE 2015 Elections Observation Report, p. 13, available at http://pacemyanmar.org/wp-content/uploads/2016/02/PACE-Final-Report-Myanmar-Elections-2015-English.pdf.

[4] United Nations Human Rights Committee General Comment အမှတ် (၃၄)၊ အခန်း (၁၉)၊ စာပိုဒ် (၁၉) ICPR အရ သတင်းအချက်အလက်များကိုလွယ်လင့်တကူ ရရှိစေရမည်။ Code of Good Practice in Electoral Matters of the Venice Commission of the Council of Europe အခန်း (၃.၂) အရ ရလာဒ်များကိုအမြန်ဆုံးအများသိရှိအောင်ကြေညာပေးရမည်ဖြစ်သည်။

[5] မဲရုံမှူး၊ဒုတိယမဲရုံမှူးနှင့်မဲရုံဝန်ထမ်းများအတွက်လက်စွဲစာအုပ်၊အပိုင်း5(d)(16)

[6] မဲဆန္ဒနယ်အလိုက်ရလာဒ်များ(မြန်မာလို)ကိုwww.uecmyanmar.orgတွင်ကြည့်ရှုနိုင်ပါသည်

ကရေစီအဖွဲ့ချုပ်(NLD)မှလွှတ်တော်နစ်ရပ်ပေါင်း၏ဂုဇရာခိုင်နှုန်းကျော်အနိုင်ရခဲ့ပြီး၊ပြည်နယ်နှင့်တိုင်းဒေသကြီး(၁၄)ခုရှိလွှတ်တော်များအနက်(၁၀)ခုတွင်နေရာအများဆုံးရရှိခဲ့သည်ကိုတွေ့ရသည်။

## ရွေးကောက်ပွဲအလွန်ကာလ

ရွေးကောက်ပွဲအလွန်ကာလသည်လွန်စွာတည်ငြိမ်လျှက်ရှိသည်ကိုတွေ့ရသည်။NLDပါတီ၏ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့ခြင်းကြောင့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ(USDP)အားထောက်ခံသူများ(သို့)မျိုးချစ်ဗုဒ္ဓဘာသာအဖွဲ့များ(သို့)ရှုံးနိမ့်ခဲ့သောတိုင်းရင်သားပါတီများနှင့်ပဋိပက္ခဖြစ်ပေါ်နိုင်သည့်ဟူသောစိုးရိမ်စိတ်များရှိခဲ့သော်လည်းလက်တွေ့တွင်ဖြစ်မလာခဲ့သည်ကိုတွေ့ရသည်။[7] နိုင်ငံ၏ခေါင်းဆောင်များဖြစ်ကြသောဒေါ်အောင်ဆန်းစုကြည်၊နိုင်ငံတော်သမ္မတဦးသိန်းစိန်၊USDP၏ယာယီဥက္ကဋ္ဌဦးဌေးဦး၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်နှင့်တိုင်းရင်းသားပါတီများမှခေါင်းဆောင်များသည်ထွက်ပေါ်လာမည့်မည်သည့်ရလာဒ်ကိုမဆိုလေးစားပြီး၊အစိုးရနှင့်လွှတ်တော်သစ်များကိုအောင်မြင်စွာအာဏာလွှဲပေးနိုင်ရေးအတွက်ပူးပေါင်းသွားရန်သေချာစေမည့်ကြေငြာချက်များအသီးသီးထုတ်ပြန်ခဲ့ကြသည်ကိုလည်းတွေ့ရသည်။ပြည်ထောင်စုအဆင့်လွှတ်တော်များ၊ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးများသည်ဖေဖော်ဝါရီလအစောပိုင်းတွင်ပထမဆုံးအကြိမ်စတင်နိုင်ခဲ့ကြသည်ကိုတွေ့ရသည်။

ကာတာစင်တာမြေပြင်အဖွဲ့များသည်ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်တွင်နိုင်ငံရေးခေါင်းဆောင်အားလုံးနီးပါး၏ရလာဒ်များအပေါ်တည်ငြိမ်မှု၊လေးစားမှုပြသခဲ့သည်ကိုတွေ့ရသည်။ရွေးကောက်ပွဲကြိုကာလအတွင်းတင်းမာမှုများမြင့်တက်ခဲ့သောဒေသများတွင်ပင်ငြိမ်းအခြေအနေကိုတွေ့ရသည်။ဥပမာအားဖြင့်USDPအနိုင်ရရှိခဲ့သောကြောင့်ဒေသတွင်းတင်းမာမှုများဖြစ်ခဲ့

[7] Arakan National Party(ANP)နှင့်Shan Nationalities League for Democracy(SNLD)တို့မှအပ၊ကျန်တိုင်းရင်းသားပါတီများသည်ပြည်သူ့လွှတ်တော်တွင်၂၂နေရာ၊အမျိုးသားလွှတ်တော်တွင်၁၅နေရာ၊တိုင်းနှင့်ပြည်နယ်လွှတ်တော်များတွင်အများအပြား၊အရည်အတွက်အနည်းငယ်သာရအနိုင်ရရှိခဲ့ကြသည်။တိုင်းရင်းသားပါတီ၅၅ခုအနက်၄၅ခုမှာပြည်ထောင်စုအဆင့်လွှတ်တော်များတွင်းအနိုင်မရရှိခဲ့ပဲပြည်နယ်နှင့်တိုင်းတွင်မူအများအပြားအနိုင်ရခဲ့ကြသည်။

သော၊မန္တလေးတိုင်းဒေသကြီးမိတ္ထီလာမြို့နယ်(သို့)NLD၏ရွေးကောက်ပွဲစွမ်းဆောင်ရည်ကိုပြသနိုင်ခဲ့သောရခိုင်ပြည်နယ်သံတွဲမြို့နယ်တို့ဖြစ်ကြသည်။ တပ်အခြေစိုက်သည့်ဒေသများရှိကြိုတင်ဆန္ဒမဲပေးမှုများတွင်ပွင့်လင်းမြင်သာမှုမရှိသည်ကိုနိုင်ငံရေးပါတီများမှအဓိကဝေဖန်စရာဖြစ်ခဲ့သည်ကိုတွေ့ရသည်။[8]

ရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်များ၏ဒေသအချို့တွင်ဖြစ်ပွားလျှက်ရှိသောတိုက်ပွဲများမှအပရွေးကောက်ပွဲနောင်းပိုင်းကာလသည်တည်ငြိမ်လျှက်ရှိသည်ကိုတွေ့ရသည်။နိုဝင်ဘာလအတွင်းရှမ်းပြည်နယ်အလယ်ပိုင်းတွင်မြန်မာ့တပ်မတော်နှင့်ရှမ်းပြည်တပ်မတော်(မြောက်ပိုင်း)(SSA_N)အကြားဆွေးနွေးများအရအပစ်အခတ်ရပ်စဲရန်ညှိနှိုင်းခဲ့ကြသော်လည်းပွဲတိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့သည်ကိုတွေ့ရသည်။အလားတူပင်မြန်မာ့တပ်မတော်သည်ရှမ်းပြည်နယ်မြောက်ပိုင်းတွင်Ta’ang National Liberation Army(TLNA)နှင့်လည်းကောင်း၊ကချင်ပြည်နယ်တောင်ပိုင်းတွင်Kachin Independence Army (KIA)နှင့်လည်းကောင်း၊ရခိုင်ပြည်နယ်ကျောက်တော်မြို့နယ်တွင်Arakan Armyနှင့်လည်းကောင်း၊တိုက်ပွဲများအနည်းငယ်ဖြစ်ပွားခဲ့သည်ကိုတွေ့ရသည်။ဖေဖော်ဝါရီလအတွင်းရှမ်းပြည်နယ်မြောက်ပိုင်းတွင်Restoration Council for Shan State/Shan State Army-South (RCSS/SSA-S)နှင့်TNLAတို့အကြားတိုက်ပွဲများဖြစ်ပွားခဲ့မှုကြောင့်ပြည်သူထောင်ပေါင်းများစွာအိုးအိမ်မဲ့ဖြစ်စေခဲ့သည်။ဇန်နဝါရီ၁၂ရက်မှ၁၆ရက်နေ့ထိနေပြည်တော်တွင်ပြည်ထောင်စုအဆင့်အပစ်အခတ်ရပ်စဲရေးသဘောတူလက်မှတ်ထိုးခဲ့ကြသောအဖွဲ့များအကြားဆွေးနွေးပွဲများပြုလုပ်ခဲ့သော်လည်းနောင်တက်လာမည့်အစိုးရသစ်မတိုင်မီအထိနိုင်ငံရေးဆွေးနွေးပွဲများအဖြစ်တွေ့မြင်ရနိုင်ခြေမရှိသေးပေ။

ရွေးကောက်ပွဲနောင်းပိုင်းကာလအတွင်းကချင်ပြည်နယ်၊ကရင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင်သွားရောက်လေ့လာမှုများအရဒေသတွင်းတိုင်းရင်းသားခေါင်းဆောင်များနှင့်ပြည်သူလူထုသည်တိုင်းရင်းသားပါတီများအနည်းငယ်သာပါရှိသောရွေးကောက်ပွဲရလာဒ်များ၏သက်ရောက်မှုကြောင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်မသေချာခြင်းများနှင့်စိုးရိမ်စိတ်များဖြစ်ပေါ် နေသည်ကိုတွေ့ရသည်။အထူးသဖြင့်ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မှတိုင်းရင်းသားပါတီခေါင်းဆောင်များ

[8]ကရင်ပြည်နယ်ဖာပွန်ခရိုင်ရှိUSDPမှကြိုတင်မဲများဖြင့်ကပ်အနိုင်ရရှိမှုအပေါ် စွပ်စွဲချက်များရှိခဲ့သည်။ကြိုတင်မဲများမှာမဲဆန္ဒနယ်အနည်ငယ်တွင်းအဆုံးအဖြတ်ပေးခဲ့သည်ကိုတွေ့ရသည်

သည့်လာမည့်သမ္မတမှရွေးချယ်ခန့်အပ်မည့်၎င်းတို့ပြည်နယ်၏ဝန်ကြီးချုပ်ရာထူးအပေါ် တင်းမာသောသဘောထားများဖော်ပြခဲ့ကြသည်။[9]

UEC အနေဖြင့် နိုင်ငံတဝှမ်းတွင် ရွေးကောက်ပွဲဆပ်ကော်မရှင်များ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲအလွန်ဆန်းစစ်မှုဆွေးနွေးပွဲများကိုပြုလုပ်လျက်ရှိပြီး ယင်းသို့ လုပ်ဆောင်ခြင်းသည် နောင်လာမည့် ရွေးကောက်ပွဲများကိုပိုမိုကောင်းမွန်စေမည်ဖြစ်သည်။ ကာတာစင်တာအနေ ဖြင့် ရန်ကုန်၊ နေပြည်တော်၊ ကရင်၊ မွန်နှင့် ရှမ်း ပြည်နယ်များရှိ ဆွေးနွေးပွဲများကိုတက်ရောက်ခဲ့ပါသည်။ လာမည့် ဖေဖော်ဝါရီလ ၂၉ ရက်မှမတ်လ ၁ရက်အထိ ရန်ကုန်တွင် ပြည်ထောင်စုအဆင့် အပြီးသတ် ရွေးကောက်ပွဲအလွန်ဆန်းစစ်မှုဆွေးနွေးပွဲကိုပြုလုပ်မည်ဖြစ်ပြီး ပြည်တွင်းပြည်ပလေ့လာသူများ တက်ရောက်ပြီး ဆွေးနွေးအကြံပြုချက်များကိုတင်ပြကြမည်ဖြစ်သည်။ ဤဆွေးနွေးပွဲမှနေ၍ နောင်လာမည့် ရွေးကောက်ပွဲများကိုပိုမို ကောင်းမွန်စေမည်ဖြစ်သည့် ရလာဒ်များကိုထွက်ပေါ်လာစေနိုင်မည်ဖြစ်သည်။

## ရွေးကောက်ပွဲအငြင်းပွားမှုများအားဖြေရှင်းခြင်း

ရွေးကောက်ပွဲဥပဒေများအားချိုးဖောက်ပြီးရရှိလာသောရွေးကောက်ပွဲရလာဒ်များဟုယူဆ၍တိုင်ကြားလိုပါကရွေးကောက်ခံကိုယ်စားလှယ်(သို့)မဲဆန္ဒရှင်အနေဖြင့်ရလာဒ်များအားကြေငြာပြီးချိန်မှ၄၅ရက်အတွင်းတရားဝင်တိုင်ကြားနိုင်သည်ကိုတွေ့ရသည်။ကန့်ကွက်တိုင်ကြားလိုသူသည်ငွေကျပ်၅သိန်း(ဒေါ်လာ၅၀၀ခန့်)ကိုပေးသွင်းရမည်ဖြစ်သည်။ရွေးကောက်ပွဲနောင်းပိုင်းအငြင်းပွားမှုများအားအဆုံးအဖြတ်ပေးရန်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှကော်မရှင်အဖွဲ့ဝင်၃ပါဝင်သော(သို့)ကော်မရှင်အဖွဲ့ဝင်၁ဦးနှင့်ကျွမ်းကျင်ပညာရှင်၂ဦးပါဝင်သောခုံရုံးဖွဲ့စည်းကာကြားနာဆောင်ရွက်ပေးလျှက်ရှိသည်။ဆုံးဖြတ်ချက်ချမှတ်ပြီးသည့်အမှုများအားUECသို့အသနားခံနိုင်သော်လည်းဥပဒေကြောင်းအရအယူခံဝင်ခွင့်မရှိသည်ကိုလည်းနိုင်ငံတကာစံနှုန်းများအတိုင်းအကျိုးခံစားခွင့်မရှိသည်ကိုလည်းတွေ့ရသည်။[10]

---

[9]ANPပါတီသည်ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ရာထူးအားANPမှတင်မြှောက်သူကိုသာခန့်အပ်ပေးရန်တောင်းဆိုခဲ့ပြီး၊မရရှိပါကပြည်နယ်လွှတ်တော်တွင်းအတိုက်အခံအဖြစ်ရပ်တည်မည်ဟုကြေငြာခဲ့သည်။ရခိုင်ပြည်နယ်လွှတ်တော်တွင်ဥက္ကဌနှင့်ဒုဥက္ကဌအားANPမှရွေးချယ်တင်မြှောက်ခဲ့သည်။ရှမ်းပြည်နယ်တွင်မူSNLDမှ၎င်းတို့ရာထူးအားမထိန်းသိမ်းနိုင်ခဲ့ပဲUSDPမှတပ်မတော်သားကိုယ်စားလှယ်များ၏ထောက်ခံမှုကြောင့်နစ်နေရာလုံးကိုရရှိသွားခဲ့သည်။

[10]လူသားတိုင်းသည်တရားမျှတသောတရားစီရင်ရေးခုံရုံးကိုရင်ဆိုင်ခွင့်ရှိစေရမည်။လူတစ်ဦးသည်ရာဇဝတ်အမှုအခင်းအရတရားရင်ဆိုင်စေသည်မှာ၎င်း၏အခွင့်အရေးဖြစ်သည်။အခန်း(၁၀)။ICCPRအခန်း(၂)အရလူတစ်ဦးသည်

အငြင်းပွားခြင်းဆိုင်ရာဖြေရှင်းမှုများ၏ထိရောက်မှုရှိခြင်းသည်လုပ်ငန်းစဉ်တစ်ခုလုံး၏ဆောင်ရွက်ချိန်နှင့်ပြန်လည်စိစစ်မှုအချိန်ရှိမရှိပေါ်တွင်မူတည်ပါသည်။အမှုတွဲတင်သွင်းသူအနေဖြင့်အချိန်၄၅ရက်ရပြီးပြန်လည်စိစစ်ရန်အချိန်နည်းပါးပါသည်။အကယ်၍အမှုတွင်အနိုင်ရခဲ့ပါကရှုံးနိမ့်သူအားလက်ရှိရရှိထားသောရွေးကောက်ခံကိုယ်စားလှယ်တာဝန်မှရပ်စဲနိုင်ပါသည်။[11]ဖေဖော်ဝါရီလလယ်အထိအမှု၂မှုသာလျှင်ဆုံးဖြတ်ချက်ချပြီးဖြစ်သည်။ [12] ရွေးကောက်ပွဲကော်မရှင်မှအဖွဲ့ဝင်အသစ်များကိုလည်းအစိုးရသစ်(သို့)သမ္မတသစ်တက်လာပြီးမှသာလျှင်ခန့်အပ်မည်ဖြစ်သောကြောင့်ၤ၍လုပ်ငန်းစဉ်သည်လည်းပုံမှန်ထက်ပို၍ကြန့်ကြာနိုင်ပါသည်။

ကန့်ကွက်လွှာပေါင်း၄၅စောင်UECသို့တင်သွင်းခဲ့ပြီးတစ်စောင်မှာပြန်လည်ရုပ်သိမ်းသွားခဲ့သည်။ကန့်ကွက်လွှာအများစုမှာUSDPနှင့်NLDတို့မှဖြစ်ပြီးအခြားပါတီများမှလည်းပါဝင်ပါသည်။ [13] ပြည်သူ့လွှတ်တော်မှ(၁၄)နေရာ၊အမျိုးသားလွှတ်တော်မှ(၆)နေရာနှင့်တိုင်းနှင့်ပြည်နယ်လွှတ်တော်မှ(၂၅)နေရာပါဝင်ပြီးရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်တို့မှအများဆုံးပါဝင်သည်။ [14] စွဲချက်များ မှာလည်းရွေးကောက်ပွဲဆိုင်ရာနှင့်တရားဥပဒေချိုးဖောက်မှုများပင်ဖြစ်သည်။အချို့အမှုတွဲများတွင်စွဲချက်များမှာတစ်ခု(သို့)အလားတူပုံစံများကိုလည်းတွေ့ရှိရသည်။စွပ်စွဲချက်များသည်ရွေး ကောက်ပွဲမတိုင်မီခြိမ်းခြောက်အကြပ်ကိုင်မှုများမှစတင်၍ရွေးကောက်ပွဲနေ့တွင်မဲပေးခြင်းနည်းပညာဆိုင်ရာချိုးဖောက်မှုများနှင့်မဲရေတွက်ခြင်း၊မဲရလာဒ်များထည့်သွင်းခြင်းစသည်တို့အထိပါ ဝင်သည်။[15]သတ်မှတ်ထားသောဥပဒေနှင့်အညီအမှုတွဲများကို(၁၅)ရက်တိတိအများ

မိမိ၏အခွင့်အရေးနှင့်လွတ်လပ်မှုတို့ချိုးဖောက်ခံရပါကသင့်တင့်လျောက်ပတ်သည့်ဖြေရှင်းခွင့်ရရှိရမည်ဖြစ်သည်။ICCPRအခန်း(၁၄)အရလူသားတိုင်းသည်တရားမျှတသောတရားစီရင်ခွင့်ကိုဥပဒေနှင့်အညီရရှိမည်ဖြစ်သည်။

[11]Code of Good Practice in Electoral Matters of Venice Commissionစာပိုဒ်(၃.၃)အရအယူခံလွှာတင်သွင်းချိန်သည်ဆုံးဖြတ်ချက်တစ်ခုချပြီးတိုင်း၃ရက်မှ၅ရက်အတွင်းဖြစ်ရပါမည်။၎င်းနေရာတွင်ကြည့်နိုင်ပါသည်www.venice.coe.int/docs/2002/CDL-AD(2002)023-e.pdf

[12]ဖေဖော်ဝါရီလ(၁၁)ရက်UECရွေးကောက်ပွဲခုံရုံးမှဦးဝင်းကို(ပအိုဝ့်အမျိုးသားအဖွဲ့ချုပ်ပါတီ)မှတင်သွင်းသည့်ကန့်ကွက်လွှာအမှုတွဲကိုလုံလောက်သည့်သက်သေပြနိုင်ခြင်းမရှိ၍အပြီးသတ်ဆုံးဖြတ်ချက်ချခဲ့ပါသည်။(ပြည်သူ့လွှတ်တော်၊တောင်ကြီးမဲဆန္ဒနယ်၊ရှမ်းပြည်နယ်)ဖေဖော်ဝါရီလ (၂၃)ရက်တွင်UECရွေးကောက်ပွဲခုံရုံးမှ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်မှအမျိုးသားဒီမိုကရေစီကိုယ်စားလှယ်အပေါ်တင်သွင်းသည့်ကန့်ကွက်လွှာအမှုတွဲကိုလုံလောက်သည့်သက်သေပြနိုင်ခြင်းမရှိ၍အပြီး သတ်ဆုံးဖြတ်ချက်ချခဲ့ပါသည်။

[13]USDP(၂၆)၊NLD(၈)၊အမျိုးသားညီညွတ်ရေးပါတီ(၃)၊SNLD(၂)၊တစ်သီးပုဂ္ဂလ(၂)၊ပအိုဝ့်အမျိုးသားအဖွဲ့ချုပ်(၁)၊ရခိုင်အမျိုးသားပါတီ(၁)၊မဲဆန္ဒရှင်များမှလည်းကန့်ကွက်လွှာ(၂)စောင်တင်သွင်းခဲ့ပါသည်

[14]ရှမ်း(၉)၊ကချင်(၈)၊စစ်ကိုင်း(၇)၊ရခိုင်(၆)၊ရန်ကုန်(၆)၊မကွေး(၃)၊မန္တလေး(၃)၊ပဲခူး(၁)၊ချင်း(၁)၊ကရင်(၁)

[15]ကန့်ကွက်လွှာတွင်ပါဝင်သောစွပ်စွဲချက်များမှာရွေးကောက်ပွဲဆိုင်ရာတာဝန်ရှိသူဥပဒေချိုးဖောက်မှု၊မဲဆွယ်စည်းရုံးမှုမလုပ်ရသည့်နေ့နှင့်ရွေးကောက်ပွဲနေ့တွင်မဲဆွယ်စည်းရုံးခြင်း၊ခြိမ်းခြောက်အကြမ်းဖက်ခြင်း၊ဘာသာရေးကိုအသုံးချ၍မဲဆွယ်ခြင်း(NLDကိုဆန့်ကျင်သောမဲဆွယ်စည်းရုံးမှုများ)၊တာဝန်ရှိသူများမှမဲရုံအတွင်းရောက်ရှိနေခြင်း၊ကြို

ပြည်သူမြင်သာ အောင်ပြသထားပါသည်။သို့သော်လည်းနေပြည်တော်ရှိUECတွင်သာပြသထား ပြီးအခြား နေရာ များတွင်ပြသထားခြင်းမရှိပေ။ကန့်ကွက်လွှာအချို့တွင်NLDနှင့်USDPကဲ့သို့ သောနိုင်ငံ ရေးပါတီများမှရရှိထားသောရွေးကောက်ပွဲရလာဒ်အများစုကိုကန့်ကွက်စိန်ခေါ်မှု မရှိသည်ကို လည်းတွေ့ရသည်။မီဒီယာများအရအချို့နေရာများတွင်ရွေးကောက်ပွဲဆိုင်ရာ ဥပဒေချိုးဖောက်မှုများရှိလင့်ကစားနိုင်ငံရေးပါတီများမှမိမိတို့၏ဆုံးဖြတ်ချက်နှင့်ပတ်သက်၍အ ခိုင်အမာရပ်တည်ခဲ့ ကြပါ သည်။အချို့ကိစ္စရပ်များတွင်ဤကန့်ကွက်လွှာတင်သွင်းခြင်းဆိုင်ရာ ကုန်ကျစားရိတ်များ နှင့်၊UECနှင့်ရဲဌာနတို့၏တရားစီရင်ရေးဆိုင်ရာအကြောင်းအရာများက သက်ရောက်မှုရှိနေပါ သည်။ရဲစ ခန်းတွင်အမှုဖွင့်ရာတွင်အခကြေးငွေတစ်စုံတစ်ရာပေးရန်မလို ပေ။ကာတာစင်တာ အနေဖြင့်စေ့ စပ်ညှိနှိုင်းရေးကော်မတီမှအချို့အငြင်းပွားမှုများတွင်ဝင် ရောက်ဆောင်ရွက်ပေးခဲ့ ကြောင်းသိရှိခဲ့ရပါသည်။အထူးသဖြင့်မန္တလေးနှင့်ရှမ်းပြည်နယ် တို့တွင်ဖြစ်သည်။သို့သော်လည်းထိရောက်မှုရှိမရှိကိုမူအသေးစိတ်မသိရှိရပေ။

အငြင်းပွားမှုဆိုင်ရာဖြေရှင်းခြင်းလုပ်ငန်းစဉ်တွင်ကန့်ကွက်လွှာတင်သွင်းရာတွင်ပေးသွင်းရ သည့်အခကြေးငွေမှာလည်းအဓိကနေရာမှပါဝင်သည်။UECမှနေ၍တင်သွင်းလာသောကန့် ကွက်လွှာများကိုစိစစ်ကာနေပြည်တော်တွင်ရက်ချိန်းပေး၍ခုံရုံးဆင့်ခေါ်ပါသည်။ [16] အချို့သော ကန့်ကွက်လွှာတင်သွင်းလာနိုင်ခြေရှိသည့်သူအချို့မှာကန့်ကွက်လွှာတင်သွင်းခြင်းမရှိတော့ သည်ကိုလည်းတွေ့ရသည်။ကန့်ကွက်လွှာတင်သွင်းပြီးပါကတင်သွင်းသူအနေဖြင့်နေပြည်တော် သို့လာ ရောက်ရသည့်အထွေထွေကုန်ကျစားရိတ်၊ရှေ့နေစားရိတ်စသည်အားလုံးကိုကျခံရ မည်ဖြစ်သည်။ထို့အပြင်ထပ်မံ၍ရွှေ့ဆိုင်းမည့်ရက်ချိန်းများအတွက်လည်းကုန်ကျစားရိတ်များ ကိုထပ်မံကျခံရအုံးမည်ဖြစ်သည်။ အမှုတွဲ(၄)ခုအနက် (၃)ခုကိုရှမ်းပြည်နယ် လားရှိုးနှင့် (၁)ခုကိုတောင်ကြီး မြို့ များတွင်စစ်ဆေးကြားနာမည်ဟု UECမှသတင်းထုတ်ပြန်ထား ပါသည်။

---

တင်မဲများရေတွက်ရာတွင်မှန်ကန်မှုမရှိခြင်းဂုဏ်သိက္ခာချခြင်း၊အသရေဖျက်ခြင်း၊တပ်မတော်၏အကြီးအကဲအော က်တွင်ရှိခြင်း(အထူးသဖြင့်တပ်မတော်သားများမဲပေးခြင်းတွင်ဖြစ်သည်)၊ပယ်မဲများပါဝင်ခြင်း၊ကိုယ်စားလှယ်လော င်းနိုင်ငံသားဖြစ်မဖြစ်ကိုစစ်ဆေးခြင်း၊ရပ်ကျေးဆိုင်ရာရန်ပုံငွေများကိုကိုယ်စားလှယ်လောင်းအတွက်အသုံးပြုခြင်း၊ ကိုယ်စားလှယ်လောင်းလိမ်လည်စာရင်းသွင်းခြင်း၊မဲစာရင်းတွင်မပါဝင်ပဲမဲပေးခြင်း

[16] The U.N. Human Rights Committee General Comment အမှတ် (၃၄)၊ အခန်း (၁၉)၊ စာပိုဒ် (၁၉) ICPR အရ လိုအပ်သည့်ဥပဒေရေးရာ အကူအညီကိုရရှိရမည်ဖြစ်သည်။ အခန်း (၁၄)၊ စာပိုဒ် (၁)၊ (၁၀)၊ (၁၁) အရ လိုအပ်သည့်ဥပဒေရေးရာ အကူအညီကို ရရှိစေရာတွင်မလိုလားအပ်သည့် အခကြေးငွေပေးသွင်းစေခြင်းမရှိစေရ ဟုဆိုထားပါသည်။

ကြားနာစစ်ဆေးခြင်းများသည်အများပြည်သူ၊မီဒီယာ၊ပြည်တွင်းပြည်ပလေ့လာသူများမည်သူမဆိုလာရောက်လေ့လာနိုင်ပါသည်။ကာတာစင်တာအနေဖြင့်အမှုတွဲပေါင်း(၁၈)တွဲကိုလေ့လာခဲ့ပြီးဖြစ်သည်။ဤကြားနာစစ်ဆေးခြင်းများသည်အစီစဉ်ကျနစွာဖြင့်စေ့စပ်သေချာမှုလည်းရှိပါသည်။ပြည်ထောင်စုရှေ့နေချုပ်ရုံးမှလည်းဥပဒေကြောင်းဆိုင်ရာရေးရာများနှင့်ပတ်သက်၍ကူညီပေးလျက်ရှိပါသည်။အချို့နေရာများတွင်ကန့်ကွက်လျှောက်ထားသူနှင့်ကန့်ကွက်ခံရသူတို့အကြားတရားရုံးဆိုင်ရာလုပ်ငန်းစဉ်များတွင်မရှင်းလင်းမှုများလည်းရှိနေပေသည်။အချို့ဥပဒေများသည်ခုံရုံးနှင့်အချို့အမှုတွဲအချို့နှင့်တိုက်ရိုက်သက်ဆိုင်မှုရှိနေခြင်းကိုဆိုလိုသည်။ဥပမာတန်ပြန်ကန့်ကွက်လွှာတင်သွင်းရမည့်နောက်ဆုံးရက်သတ်မှတ်ခြင်းကိုဆိုလိုသည်။

ဤသို့မရှင်းလင်းမှုများရှိနေသော်လည်းခုံရုံးတာဝန်ရှိသူများသည်ကြားနာစစ်ဆေးခြင်းကိုမျှတမှုရှိအောင်ဆောင်ရွက်ပေးပါသည်။အချို့ကြားနာမှုများတွင်ဥပဒေကြောင်းဆိုင်ရာတင်ပြမှုများ၊ကန့်ကွက်ခံရသူကိုဥပဒေကြောင်းဆိုင်ရာတန်ပြန်ကန့်ကွက်လွှာသွင်းချိန်ပေးခြင်းစသည်တို့ဖြစ်ပြီးအချို့ကြားနာမှုများတွင်ကန့်ကွက်လျှောက်ထားသူနှင့်ကန့်ကွက်ခံရသူတို့၏ရှေ့နေများအနေ ဖြင့်ပြန်လှန်မေးခွန်းများမေးနိုင်သည်ကိုတွေ့ရသည်။အမှန်စင်စစ်ပြင်ပမှဥပဒေပဒေပညာရှင်များနှင့်တရားသူကြီးများဖြစ်ရမည်ဖြစ်သော်လည်းယခုခုံရုံးတွင်ပါဝင်သူများမှာUECမှကော်မရှင်ဝင်များသာဖြစ်သည်။ထို့အပြင်UEC၏ဆုံးဖြတ်ချက်သည်အတည်ဖြစ်ပြီးထပ်မံ၍အယူခံဝင်ခွင့်မရသည်မှာလည်းမေးခွန်းထုတ်စရာပင်ဖြစ်သည်။သို့သော်လည်းကာတာစင်တာအနေဖြင့်ဤ ကြားနာစစ်ဆေးခြင်းများအတွက်ဘက်လိုက်မှုရှိသည်ကိုမတွေ့ရှိရပေ။ပြင်ပမှဥပဒေပညာရှင်များကိုအသုံးပြုခြင်းဖြင့်ဤကြားနာမှုများတွင်အရည်အသွေးကိုပိုမိုမှတ်ကျောက်တင်နိုင်မည်ဟုယူဆရပါသည်။[17]

UECသို့တင်သွင်းသည့်ကန့်ကွက်လွှာများအပြင်အခြားသောရွေးကောက်ပွဲနှင့်တရားဥပဒေချိုးဖောက်မှုပေါင်း(၄၀၀)ကျော်ကိုလည်းသက်ဆိုင်ရာတွင်အမှုဖွင့်တိုင်ကြားခဲ့ပါသည်။ယခုအချိန်ထိစုံစမ်းစစ်ဆေးမှုများပြုလုပ်နေဆဲဖြစ်သည်။ကိုယ်ထိလက်ရောက်အသားနာကျင်စေမှု(၂)မှုအပါအဝင်ဘာသာရေးကိုအသုံးချ၍မဲဆွယ်စည်းရုံးစဉ်ကာလအတွင်းဥပဒေချိုးဖောက်မှုများလည်းရှိပါသည်။ပြစ်မှုထင်ရှားပါကထောင်ဒဏ်တစ်နှစ်နှင့်ဒဏ်ငွေကျပ်တစ်သိန်းအထိချမှတ်ခံရနိုင်ပါသည်။ရွေးကောက်ခံကိုယ်စားလှယ်အနေဖြင့်ပြစ်မှုထင်ရှား၍ထောင်ဒဏ်ကျခံရပါကဥင်း၏နေ

[17]ဥပဒေအရခုံရုံးအဖွဲ့(၃)နေရာတွင်(၂)နေရာအထိပြင်ပမှဥပဒေပညာရှင်များပါဝင်ဆောင်ရွက်နိုင်ပါသည်။ပြင်ပမှဥပဒေပညာရှင်များ၏အားလပ်မှုနှင့်ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့်နည်းစနစ်များကိုကျွမ်းဝင်မှုမရှိခြင်းကြောင့်ဤအငြင်းပွားမှုဆိုင်ရာဖြေရှင်းခြင်းလုပ်ငန်းစဉ်ကိုနှောင့်နှေးမှုရှိနိုင်ကြောင်းUECမှကာတာစင်တာသို့ပြောကြားခဲ့ပါသည်။

ရာသည်လစ်လပ်သွားပြီးကြားဖြတ်ရွေးကောက်ပွဲတွင်ပြန်လည်တင်မြှောက်ခံရပါမည်။ယခုအချိန်ထိဤအမှုမျိုးတစ်မှုရှိပါသည်။[18]

## ရွေးကောက်ပွဲကုန်ကျစားရိတ်အမှုတွဲ

ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ခဲ့သူသည်ရွေးကောက်ပွဲရလာဒ်ကြေငြာသည့်နေ့မှစတင်၍ရက်ပေါင်း(၃၀)အတွင်းရွေးကောက်ပွဲကုန်ကျစားရိတ်များကိုမိမိစာရင်းသွင်းခဲ့သည့်ဆပ်ကော်မရှင်ထံသို့တင်သွင်းရပါမည်။ရွေးကောက်တင်မြှောက်ခြင်းမခံရသူ(၁၇၅)ဦးမှာဤရွေးကောက်ပွဲကုန်ကျစားရိတ်များကိုတင်သွင်းခဲ့ခြင်းမရှိပေ။ [19] ပြစ်ဒဏ်အနေဖြင့်နောင်လာမည့်ရွေးကောက်ပွဲများတွင်ပါဝင်ပတ်သက်ခွင့်ရှိမည်မဟုတ်ပေ။UECအနေဖြင့်အထူးခုံရုံးဖွဲ့၍ယနေ့အချိန်အထိ(၁၄၇)မှုကိုကြားနာ၍ယှဉ်ပြိုင်ခဲ့သူ(၆၀)ကျော်ကိုအရည်အချင်းပျက်ယွင်းကြောင်းကြေငြာခဲ့ပြီးဖြစ်သည်။စာရင်းတင်သွင်းခြင်းမရှိသည့်(၁၇၅)ယောက်အနက်လေးပုံတစ်ပုံခန့်သာရုံးတော်သို့လာရောက်ခဲ့ကြသည်။၎င်းတို့အနေဖြင့်အချိန်လုံလုံလောက်လောက်မရှိခြင်း၊ကျန်းမာရေးမကောင်းခြင်း၊ခရီးလွန်နေခြင်း၊အခြားဌာနများသို့မှားယွင်းစွာတင်သွင်းခဲ့မိခြင်းစသည်တို့ကြောင့်အချိန်မီမတင်သွင်းနိုင်ခဲ့ကြကြောင်းလျှောက်ထားခဲ့ကြပါသည်။ခုံရုံးတာဝန်ရှိသူများအနေဖြင့်အမှုတွဲနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းမှန်သမျှကိုဂရုစိုက်၍ကြည့်ရှုပြီးသေချာစွာကြားနာခဲ့ပါသည်။ဤရွေးကောက်ပွဲကုန်ကျစားရိတ်အမှုတွဲတင်သွင်းခြင်း၊အမှုကြားနာခြင်းအဓိကအချက်မှာသတ်မှတ်အချိန်အတွင်းတင်သွင်းမှုရှိမရှိကိုသာစစ်ဆေးခြင်းသာဖြစ်ပြီး၎င်းတို့၏ကုန်ကျစားရိတ်စာရင်းများကိုစစ်ဆေးခြင်းမဟုတ်ပေဟုပင်ကာတာစင်တာကိုပြောကြားခဲ့ပါသည်။

## အကြံပြုချက်များ

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

---

[18]ဇန်နဝါရီလ(၂၈)ရက်နေ့တွင်ရခိုင်အမျိုးသားပါတီမှရွေးကောက်ခံကိုယ်စားလှယ်ဦးလှအောင်ညွှန့်(မင်းပြားမြို့နယ်မဲဆန္ဒနယ်အမှတ်၂)သည်ထောင်ဒဏ်(၆)လချမှတ်ခံရပါသည်။မြေပုံတရားရုံးမှနေ၍၎င်းအားUSDPထောက်ခံသည့်အမျိုးသမီးတစ်ဦးကိုခြိမ်းခြောက်၍ပြစ်ဒဏ်ချမှတ်ခံရခြင်းဖြစ်ပါသည်။ဤဆုံးဖြတ်ချက်ကိုအယူခံဝင်၍ရပါသည်။

[19]ဇန်နဝါရီ(၁၈)တွင်ပါလီမန်မှနေ၍ရွေးကောက်ပွဲကုန်ကျစားရိတ်မတင်သွင်းသူများ၏ပြစ်ဒဏ်ပေးခြင်းကိုယခုတစ်ကြိမ်နှင့်နောက်တစ်ကြိမ်မှနေ၍ယခုတစ်ကြိမ်သို့ပြောင်းလဲခဲ့ပါသည်။ဥပမာအားဖြင့်ဤမတင်သွင်းသူများသည်ယခုအကြိမ်မှစ၍လာမည့်၂၀၂၀ရွေးကောက်ပွဲမတိုင်မီသာဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိတော့မည်ဖြစ်သည်။

- ဖြစ်နိုင်လျှင်ကန့်ကွက်တင်သွင်းသူများအတွက်မလိုလားအပ်သည့်ကုန်ကျစားရိတ်များကိုလျှော့ချပေးစေခြင်း(ကြားနာမှုများကိုသက်ဆိုင်ရာပြည်နယ်၊တိုင်းများတွင်ပြုလုပ်စေခြင်း)
- ကန့်ကွက်သူနှင့်ခုခံသူနှစ်ဦးစလုံး၏အခွင့်အရေးများကိုမထိခိုက်စေပဲအမှုတွဲများကိုနှောင့်နှေးကြန့်ကြာမှုမရှိစေရန်အမြန်ဆုံးကြားနာစေခြင်း
- UEC၏websiteပေါ်တွင်အချိန်နှင့်တစ်ပြေးညီဆုံးဖြတ်ချက်များကိုတင်ပြပေးခြင်း
- နောင်လာမည့် ရွေးကောက်ပွဲများတွင် မဲရလာဒ်များထည့်သွင်းခြင်းလုပ်ငန်းစဉ်ပြီးလျှင်ပြီးခြင်း မဲရလာဒ်ထည့်သွင်းထားသောပုံစံ များအားလုံး ကပ်ထားသင့်ပေသည်။ အသိအမှတ်ပြုလေ့လာသူများအနေဖြင့်၎င်း မဲရလာဒ်များထည့်သွင်းခြင်းလုပ်ငန်းစဉ်ကိုလေ့လာခွင့်ရခြင်း

## ပြည်ထောင်စုဥပဒေပြုလွှတ်တော်

- ရွေးကောက်ပွဲဥပဒေကိုပြန်လည်ပြုပြင်ပြောင်းလဲရန်အဆိုပြုချက်ကိုစဉ်းစားရန်၊ ရွေးကောက်ပွဲအငြင်းပွားမှုများ နှင့် ရွေးကောက်ပွဲကုန်ကျစားရိတ်အမှုတွဲဆိုင်ရာစည်းကမ်းများကိုပိုမိုတိုးတက်အောင်လုပ်ရန် (၂၀၁၆ဥပဒေအကြောင်းအရာပါ၊ရွေးကောက်ပွဲအလွန်ကာလအငြင်းအခုံများ၏အားနည်းချက်များ)

## နောက်ခံအကြောင်းအရာ

၂၀၁၃ခုနှစ်၊ဧပြီလနှင့်စက်တင်ဘာလတွင်သမ္မတကကာတာအလည်အပတ်လာရောက်ခဲ့ပြီးနောက်ပိုင်းတွင်မြန်မာနိုင်ငံတော်အစိုးရ၏ဖိတ်ကြားချက်အရကာတာစင်တာကို၂၀၁၃ခုနှစ်အောက်တိုဘာလတွင်ရန်ကုန်မြို့၌ဖွင့်လှစ်ခဲ့ပါသည်။၂၀၁၄ခုနှစ်ဒီဇင်ဘာလနှင့်၂၀၁၅ခုနှစ်ဇူလိုင်လကြားကလတွင်ကာတာစင်တာသည်နိုင်ငံရေးအသွင်ကူးပြောင်းမှုကိုလေ့လာစောင့်ကြည့်မှုဆောင်ရွက်ခဲ့ပြီးရွေးကောက်ပွဲမတိုင်ခင်ဝန်းကျင်၏ကြိုတင်ဆန်းစစ်မှုနှင့်ရွေးကောက်ပွဲကိုပြည်နယ်နှင့်တိုင်းအားလုံးတွင်လေ့လာခဲ့ပါသည်။ကာတာစင်တာမှအကြံပြုချက်များပါဝင်သောအစီရင်ခံစာ(၄)စောင်ကို အများပြည်သူအတွက် (၂၀၁၅ခုနှစ်၊ မတ်လ၊ ဩဂုတ်လ၊ စက်တင်ဘာနှင့် အောက်တိုဘာလ) ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ ရွေးကောက်ပွဲအပြီး ကြိုတင်ထုတ်ပြန်ချက်တစ်ခု နိုဝင်ဘာလ(၁၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ဘက်စုံပါဝင်သောအပြီးသတ် အစီရင်ခံစာအား ရွေးကောက်ပွဲအပြီး နောက်ပိုင်းလများတွင် ထုတ်ပြန်သွားပါမည်။

ကာတာစင်တာသည် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဖြစ်စဉ်ကို ပြည်တွင်းရွေးကောက်ပွဲ ဥပဒေမူဘောင်နှင့် နိုင်ငံတကာစာချုပ်များမှ ဆင်းသက်လာသည့် နိုင်ငံတကာ ရွေးကောက်ပွဲ စံနှုန်းများနှင့် နှိုင်းယှဉ်ပြီး ဆန်းစစ်နေပါသည်။ ကာတာစင်တာ၏ လေ့လာစောင့်ကြည့်မှုကို နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်မှု အခြေခံသဘောတရား ကြေညာစာတမ်းနှင့် အညီ ဆောင်ရွက်ပါသည်။

ရွေးကောက်ပွဲဖြစ်စဉ်ကို လေ့လာစောင့်ကြည့်ရန် ကာတာစင်တာ၏ ကြိုးစားအားထုတ်မှုများကို ကူညီပံ့ပိုးပေးပါသော မြန်မာနိုင်ငံ ရွေးကောက်ပွဲဆိုင်ရာ အရာရှိများ၊ အစိုးရအရာရှိများ၊ နိုင်ငံရေးပါတီဝင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ တသီးပုဂ္ဂလပုဂ္ဂိုလ်များနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ကိုယ်စားလှယ်များကို ကျေးဇူးဥပကာရ တင်ရှိပါသည်။

###

**ကာတာစင်တာ**

"ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်၊ ရောဂါဘယကို တိုက်ဖျက်၊ မျှော်လင့်ချက် တည်ဆောက်"

အကျိုးအမြတ်အတွက် မဟုတ်သော၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည့် ကာတာစင်တာကို နိုင်ငံပေါင်း ၈၀ ကျော်မှ ပြည်သူများ၏ဘဝကို ပိုမိုကောင်းမွန်လာစေရန် ပဋိပက္ခများကို ဖြေရှင်းခြင်း၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးများနှင့် စီးပွားရေး အခွင့်အလမ်း တိုးမြှင့်စေခြင်း၊ ရောဂါဘယများမှ ကာကွယ်ပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ပိုမို ကောင်းမွန်လာစေခြင်းတို့ဖြင့် ကူညီပေးပါသည်။ ကမ္ဘာတစ်ဝန်းတွင် ငြိမ်းချမ်းရေးနှင့် ကျန်းမာရေးကို တိုးမြှင့်ပေးနိုင်ရန် ကာတာစင်တာကို ၁၉၈၂ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု သမ္မတဟောင်း ဂျင်မီကာတာနှင့် ဇနီး ရိုဇလင်းတို့မှ အီမိုရီတက္ကသိုလ်နှင့် မိတ်ဖက်ဖွဲ့ကာ တည်ထောင်ခဲ့ပါသည်။ ဤ ရွေးကောက်ပွဲသည် ကာတာစင်တာ၏ ရွေးကောက်ပွဲပေါင်း စောင့်ကြည့် လေ့လာမှု အကြိမ် (၁၀၁) ကြိမ်မြောက် ဖြစ်ပါသည်။